# ခရစ်တော်၏ အသင်းတော်၌ ဝတ်ပြုကိုးကွယ်ခြင်း

ယေရှုမိန့်တော်မူသည်မှာ
"ကိုးကွယ်သောသူမှန်သမျှတို့သည်
ခမည်းတော်ကို နံဝိညာဉ်နှင့် ၎င်း၊ သစ္စာနှင့်၎င်း
ကိုးကွယ်ရမည့်အချိန်ကာလ သည် လာ၍
ယခုပင်ရောက် လျက်ရှိ၏။ အကြောင်းမူကား ထိုသို့
ကိုးကွယ်သောသူတို့ကို ခမည်းတော်သည် အလိုတော်
ရှိတော်မူ၏။ ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။
ဘုရားသခင်ကို ကိုးကွယ်သော သူတို့သည်
နံဝိညာဉ်နှင့်၎င်း၊ သစ္စာနှင့်၎င်း ကိုးကွယ်ရမည် ဟု
မိန့်တော်မူ၏"(ယောဟန် ၄း၂၃-၂၄ )။ ကျွန်ုပ်တော်တို့၏
ဝတ်ပြုကိုးကွယ်ခြင်းသည် ဘုရားသခင်လက်ခံနိုင်သော
ကိုးကွယ်ခြင်းဖြစ်ရန် အချက် နှစ်ခု တောင်းဆိုပါသည်။

၁။ ကျွန်ုပ်တော်တို့သည် နံဝိညာဉ်နှင့် ကိုးကွယ်ရမည်။ ထိုသို့ဆိုရာတွင် ကျွန်ုပ်တော်တို့ ၏ နှလုံးသားသည် မှန်ကန်ရမည်။ ကျွန်ုပ်တော်တို့၏ အသက်တာသည် မှန်ကန်ရမည်။ ကျွန်ုပ်တော်တို့သည် မှန်ကန်သော လုပ်ဆောင်ချက်များရှိရမည်။ ကျွန်ုပ်တော်တို့ သည် မိမိလုပ်ဆောင်နေသော အချက်များကို နှလုံးသွင်း စဉ်းစားနေရမည်။ (ဟေရှာယ ၁း၁၁-၂၀ ၊ သုတ္တံ၂၈း၉၊ မသဲ၁၅း၈။

၂။ ကျွန်ုပ်တော်တို့သည် ဘုရားသခင်ကို သမ္မာတရား နှင့် ကိုးကွယ်ရ မည်။ ဘုရားသခင် ကို သမ္မာတရား နှင့် ကိုးကွယ်ရ မည် ဟုဆိုရာတွင် နတ်ကပတ်တော် အတိုင်း ဝတ်ပြု ကိုးကွယ်ခြင်း ဖြစ် သည်။ ဘုရားသခင်၏ နတ်ကပတ်တော်သည် သမ္မာတရားဖြစ်သည် ( ယောဟန် ၁၇း၁၇ )။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဝတ်ပြုကိုးကွယ်ခြင်းသည် ဘုရားသခင် လက်ခံတော်မူသော ဝတ်ပြုကိုးကွယ်ခြင်းဖြစ် ရန် အတွက် ဘုရားသခင်၏ နတ်ကပတ်တော် အတိုင်း ဝတ်ပြုကိုးကွယ်ခြင်းကို ပြုရမည်။

ဓမ္မသစ်ကျမ်းက ခရစ်ယာန်များ ဝတ်ပြုကိုးကွယ်ရာတွင် လုပ်ဆောင် ရမည့်အချက် များ ကို ပြောပါသည်။ ဓမ္မဟောင်း ကျမ်းထဲတွင် ဝတ်ပြုကိုးကွယ်ရာ၌ ကခုန်ခြင်း၊ တူရိယာများ တီးမှုတ်ခြင်း၊ တိရိစ္ဆာန်များ ပူဇော်ခြင်း၊ အထူးသီချင်းသည် အဖွဲ့များ နှင့် နံ့သာဆီမီးရှူခြင်း များကို လုပ်ရ ကြောင်း ဖော်ပြထားပြီး ဤလုပ်ဆောင်ချက်များသည် ဣသရေလလူမျိုး တစ်မျိုးတည်း ကိုသာ မိန့်တော်မူ ထားပါသည်။ ဘုရားသခင်၏ လူမျိုးများ အတွက် ပေးထားသော ဤဓမ္မဟောင်းကျမ်းသည် လက်ဝါးကားတိုင်၌ ကုန်ဆုံးသွားသည်။ ( ကောလောသဲ ၂း၁၃-၁၄ )။ ဒီကနေ့ ကျွန်ုပ်တော်တို့ ခရစ်ယာန်များသည် လူသား အားလုံးအတွက် ခရစ်တော်ပေး သော ပညတ်တော်ကို သင်ယူပြီး ဒီကနေ့တွင် ဘုရားသခင်သည် မည်သည့် ဝတ်ပြုကိုးကွယ်ခြင်းမျိုးကို အလိုတော်ရှိကြောင်း သိရှိနားလည် ရမည်။ ဘုရားသခင်နှစ်သက်တော်မူ သော ဝတ်ပြုကိုးကွယ်ခြင်း မျိုးကို ဓမ္မသစ်ကျမ်းထဲတွင် ရှင်းလင်းစွာ ဖော်ပြထားပါ သည်။

## ပွဲတော် မင်္ဂလာ

သခင်ဘုရား၏ နောက်ဆုံး ညစာစားပွဲ (သို့ ) ပွဲတော်မင်္ဂလာ ( ၁ကော ၁၁း ၁၆ ) တွင် အချက်နှစ်ခု ပါဝင်သည်။(၁ ) တဆေးမဲ့မုန့်( ၂ ) စပျစ်ရည်။ ပွဲတော်မင်္ဂလာ ၏ အဓိကရည်ရွယ်ချက်မှာ ကျွန်ုပ်တော်တို့၏ အပြစ်အတွက် လက်ဝါးကားတိုင်ပေါ်တွင် ယေရှု၏ အသွေးသွန်းလောင်းပြီး ခန္ဓာကိုယ်အားဖြင့် ယဇ်ပူဇော်ခြင်း ကို အစဉ်အမြဲ အောင့်မေ့သတိရ နေရန်ဖြစ် သည်။( မသဲ ၂၆း၂၆-၂၉ )။ ကျွန်ုပ်တော်တို့သည် ပွဲတော်မင်္ဂလာ ကို သုံးဆောင်သောအခါ ယေရှု၏ အသွေးတော်နှင့် ခန္ဓာကိုယ်ကို ဆက်ဆံနေခြင်းဖြစ်သော ကြောင့် ထိုက်တန်သော ပြုမူခြင်းနှင့်အတူ သုံးဆောင် ရန် အထူး သတိထား လုပ်ဆောင်ရမည် ( ၁ကော ၁၁း ၂၃-၃၀ )။ ခရစ်ယာန်များသည် ပွဲတော်မင်္ဂလာကို ခုနစ်ရက်တွင် ပထမ နေ့ ရက် တိုင်း၌ သုံးဆောင်ရန်ဖြစ် သည် ( တမန်တော် ၂၀း၇ )။

## ဆုတောင်းခြင်း

ဘုရားသခင်ထံ ဆုတောင်း ခြင်းသည် နေ့စဉ် အသက်သာ၌ ဘုရားသခင် အား ကြည်ညိုလေးစားစွာ လုပ်ဆောင်နေခြင်း ဖြစ်သကဲ့သို့ ဝတ်ပြုစည်းဝေး ခြင်း ၌လည်း အပါအဝင်ဖြစ် သည်။ ဓမ္မသစ်ထဲတွင် ဆုတောင်းခြင်း နှင့် ပတ်သက် ပြီး ဥပမာများစွာ တွေ့ရှိရပါသည် ( ၁တိ ၂း ၁-၂၊ ၈၊ ဖိလိပ္ပိ ၄း၆ စသည်ဖြင့် )။ ကျွန်ုပ်တော်တို့သည် ဆုတောင်းသောအခါ ဘုရားသခင်ထံ ကျေးဇူးတော် ချီးမွမ်းခြင်းနှင့် နာမတော်ကို ထောမနာပြုပါသည်။ ကျွန်ုပ်တော်တို့ ဆုတောင်းသော အခါ မိမိတို့၏ လိုအပ်ချက်များနှင့် သူတပါးတို့ ၏ လိုအပ်ချက်များကို လည်း တောင်းလျှောက်ပါသည်။ မသဲ ၆း၅-၁၅ ထဲတွင် ယေရှုသည် ဆုတောင်းရမည့် နည်းလမ်းကို ကျွန်ုပ်တော်တို့အား သင်ပေး ပါသည်။ ယေရှုသည် ဤဆုတောင်းချက် ကို ထပ်ဖန် တလဲလဲ ရေရွတ် နေဖို့ရန် ရည်ရွယ်ခြင်း မဟုတ်ပဲ ကျွန်ုပ်တော်တို့အား ဤ နည်းလမ်းဖြင့် ဆုတောင်း တတ် ရန် ပုံစံ ပေး ထားခြင်းသာဖြစ်ပါသည်။ ယေရှုခရစ် သည် ကျွန်ုပ်တော်တို့၏ အာမခံ နှင့် အမြင့်ဆုံးသော ယဇ်ပုရောဟိတ် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တော်တို့သည် ယေရှု၏ နာမ အားဖြင့် ဘုရားသခင်ထံတော်သို့ ဆုတောင်းရမည် ( ယောဟန် ၁၆း၂၃ ၊ ၁တိ၂း၅၊ ဟေဗြဲ ၄း၁၄-၁၆၊ ၁ယော ၂း၁-၂ )။

## နတ်ကပတ်တော်ကို ဟောပြောခြင်းနှင့် သင်ကြားခြင်း

ဘုရားသခင်သည် ကျွန်ုပ်တော်တို့အား သူ၏ နတ်ကပတ်တော်ကို သင်ကြား ရန် မိန့်တော်မူသည် ( မသဲ ၂၈း၁၉-၂၀ )။ အပြစ်သား ဖြစ်စေ၊ ကယ်တင်ခြင်း သို့ရောက်သောသူဖြစ်စေ၊ နတ်ကပတ်တော် သင်ကြား ပေး ရန်လိုအပ်သည်။ ထို့ကြောင့် နတ်ကပတ်တော်ဟောပြောခြင်း နှင့် သင်ကြားပေးခြင်း သည် ခရစ်ယာန်များ၏ ဝတ်ပြုခြင်း၌ လုပ်ဆောင်ရမည့် အချက်ဖြစ်ပါသည် ( တမန်တော် ၂း ၄၂ )။ ကျွန်ုပ်တော်တို့သည် ယေရှုခရစ်တော်၌ ရှင်သန် ကြီးထွားပြီး ခိုင်ခံ့ခြင်းရှိရန် နှင့် မှားယွင်းသော သွန်သင်ချက် များ ကို အနိုင်ယူပြီး သူတပါးအား သင်ကြားပေးနိုင်သောသူဖြစ် ရန် ဘုရားသခင်၏ နတ်ကပတ်တော်ကို သင်ယူရမည် ( ၁ပေ ၂း၁-၂၊ ၂တိ၂း၂၊ ၄း၁-၅ )။ ဤအချက် သည် ကျွန်ုပ်တော်တို့၏ ဝတ်ပြုကိုးကွယ်ခြင်း ၌ အင်မတန် အရေးကြီးသော အချက်ဖြစ်ပြီး မပျက်မကွက် လုပ်ဆောင်ရမည့်အချက် လည်း ဖြစ်သည်။

## ပေးလှူခြင်း

ပေးလှူခြင်းသည် ဘုရားသခင်ကိုဝတ်ပြုရာတွင် လုပ်ဆောင်ရမည့် အချက်ဖြစ် သည်။ ပေးလှူခြင်းအားဖြင့် ခရစ်တော်၏ အသင်းတော် သည် သာသနာလုပ်ငန်းအတွက် ရန်ပုံငွေများ ရရှိသည်။ ဘုရားသခင်သည် ပြည့်စုံသော ပေးလှူခြင်း နိယာမ ကို ကျွန်တော်တို့အား ပေးထားပါ သည် ( ၁ ကော ၁၆း၂ )။ မည်သူတို့သည် ပေးလှူခြင်း ကို ပြုကြမည်နည်း။ ”ယုံကြည်သူအယောက်တိုင်း” တို့သည် ပေးလှူကြရမည်။ မည်သည့်အချိန်တွင် ပေးလှူကြရမည်နည်း။ “ခုနစ်ရက်တွင် ပထမနေ့ရက်၌ “ ပေးလှူကြရ မည်။ ကျွန်တော်တို့သည် မည်မျှ ပေးလှူကြရမည်နည်း ။” အသီးအသီးကောင်းစားသည့် အတိုင်း” ပေးလှူကြရမည်။ စေတနာစိတ်နှင့် ရက်ရောစွာ ပေးလှူခြင်းအားဖြင့် ကျွန်တော်တို့သည် ဘုရားသခင်အား အဘယ်မျှလောက်ချစ်ကြောင်း ပြသခြင်းဖြစ်ပါသည်။

## သီချင်းဆိုခြင်း

ခရစ်ယာန်များသည် ဘုရားသခင်အား သီချင်း တေဆိုခြင်းအားဖြင့် ချီးမွမ်းကြ ရမည်( ကောလောသဲ ၃း၁၆ )။ အသင်းတော်ထဲ၌ ဘုရားသခင် တောင်းဆိုသော တီးသံမျိုးမှာ ပင်ကိုယ်အသံ အားဖြစ် သီချင်းဆိုခြင်းသာဖြစ်သည်။ ဓမ္မသစ်ကျမ်းထဲရှိ ခရစ်ယာန် များ၏ ဝတ်ပြုကိုးကွယ်ခြင်း တွင် တီးဂီတ များ တီးမှုတ်ကြရန် တောင်းဆိုခြင်း လုံး၀ မရှိပါ။ သီချင်းများသီဆို ရာတွင် တီးဂီတများ နှင့် ပေါင်းထည့် သီဆိုခြင်းသည် ဘုရားသခင်၏ တောင်းဆိုချက် အပေါ်တွင် အပိုပေါင်းထည့် လိုက်ခြင်းသာ ဖြစ်သော ကြောင့် အပြစ် ဖြစ်ပါသည်။ ထိုသို့ပေါင်း ထည့်ပြုလုပ်နိုင်ရန် အတွက် မည်သည့်လူသားမှ အခွင့်အာဏာမရှိပါ(ဗျာဒိတ် ၂၂း ၁၈-၁၉ ၊၂ ယော ၉-၁၀ )။ ကျွန်တော်တို့သည် လူတို့ တီထွင်ထားသော တီးသံမျိုးကို အသုံးမပြုဘဲ ဘုရားသခင် ဖန်ဆင်းထားသော တီးသံမျိုးကို အသုံးပြုပြီး “ နှုးညွှတ်သော စိတ်နှလုံးနှင့်” သီဆိုကြရမည် ( ဖေက် ၅း၁၉ )။ထို့ပြင် ဘုရားသခင်သည် ကျွန်တော်တို့အား  ဝတ်ပြု ကိုးကွယ်ခြင်းတွင် သံစုံသီချင်း သီဆိုသည့်အဖွဲ့များ ထားရှိရန် လည်း အမိန့်မပေးခဲ့ပါ။ ခရစ်ယာန်အယောက်တိုင်းတို့သည် ပွဲတော်မင်္ဂလာကို မိမိကိုယ်တိုင်အတွက်သာ သုံးဆောင်သကဲ့သို့ မိမိ ကိုယ်တိုင် ဘုရားသခင်းအား သီချင်းဆိုခြင်းအားဖြင့် ချီးမွမ်း ရမည်။ ကျွန်တော်တို့သည် ဘုရားသခင်ကို ဝတ်ပြု ကိုးကွယ်သော အခါ မိမိကိုယ်ကိုယ်ဖျော်ဖြေ နေခြင်းမဟုတ်ပါ။ ထို့ကြောင့် ကျွန်တော်တို့သည် ဘုရားသခင် အား ဝတ်ပြုကိုးကွယ်သောအခါ မိမိခန္ဓာကိုယ် နှင့် အာရုံခံစား ပျော်ရွှင်မှုကို အခြေမခံဘဲ ဘုရားသခင်၏နှစ်သက်မြတ်နိုး သည့်အရာ အပေါ်တွင် အခြေခံရမည်။

စစ်မှန်သော ခရစ်ယာန်များသည် ဘုရားသခင်အား ဝတ်ပြု ကိုးကွယ်ရန် ပြင်းပြသော ဆန္ဒရှိကြသည်။ စစ်မှန်သော ခရစ်ယာန်တယောက်သည် ဘုရားသခင်ကို ဝတ်မပြု မကိုးကွယ်ဘဲ မနေနိုင်။ ကျွန်တော်တို့သည် ဘုရားသခင်၏ကြီးမြတ်ခြင်း၊ ဘုန်းကြီးခြင်း၊ မဟာတန်ခိုးတော်ရှိခြင်း၊ ဉာဏ်ပညာနှင့်အစွမ်းသတ္တိ၊ အနိုင်းမဲ့သော သနားခြင်း ဂရုဏာတော်အား ဖြင့် တပါးတည်းသော သားတော် ကို ကျွန်တော်တို့အပြစ်မှ ကယ်တင်ရန် ပေးသနားတော်မူခြင်းများကို သိရှိနားလည်သဘောပေါက် သောအခါ ကျွန်တော်တို့၏ စိတ်နှလုံးများသည် ဝမ်းမြောက်ခြင်းနှင့်ပြည့်လျှံ လျက်ရှိပါသည်။” ထို့ကြောင့် ငါတို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို ဝန်ခံလျက်၊ နှုတ်ခမ်းအသီးတည်း ဟူသော ချီးမွမ်းခြင်းယဇ်ကို သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင်ရှေ့တော်၌ အစဉ်ပူဇော်ကြကုန်အံ့” (ဟေဗြဲ ၁၃း၁၅ )။

လောကအတွက်သမ္မာတရား

truthfortheworld.asia

info@tftw.org

P.O. Box 241
Bethel Springs, TN
38315
U.S.A.

cc BY NC ND

# ခရစ်တော်၏ အသင်းတော်၌

# ဝတ်ပြုကိုးကွယ်ခြင်း

